၂၀၁၇ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ဘောဂဗေဒ                                        ခွင့်ပြုချိန် (၃) နာရီ

အပိုင်း (က)
မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါဖော်ပြချက်များကို 'မှား' သို့မဟုတ် 'မှန်' ဖြေဆိုပါ။ (၁၀ မှတ်)

၁။ အင်အားစုရှားပါးခြင်းကြောင့် လူ့အဖွဲ့အစည်းအားလုံး၏အခြေခံအကျဆုံး စီးပွားရေးပြဿနာ ပေါ်ပေါက်လာရသည်။

၂။ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး၏လျှောစောက်သည် အနုတ်လက္ခဏာရှိခြင်းက အင်အားစု ရှားပါးခြင်းကို ဖော်ပြသည်။

၃။ ယူနစ်အလျော့အတင်းရှိသော မျဉ်းဖြောင့်ရောင်းလိုအားမျဉ်းများသည် မူရင်းအမှတ်ကိုဖြတ် သွားကြသည်။

၄။ ဝယ်လိုအားအလျော့အတင်းများလျှင် ဈေးနှုန်းနှင့် ရောင်းရငွေတို့ ပြောင်းပြန်ဆက်စပ် ပြောင်းလဲသည်။

၅။ ထုတ်လုပ်သူများ အမှန်တကယ်ရရှိသောဝင်ငွေများကို သိလိုသောအခါ ဈေးကွက်ပေါက် ဈေးသဘောကို အသုံးပြုရသည်။

၆။ ဈေးဆနှုန်းကိန်းများကျဆင်းပါက အထွေထွေဈေးနှုန်းအဆင့်ကျပြီး ငွေကြေးတန်ဖိုးတက် မည် ဖြစ်သည်။

၇။ ငွေကြေးဝယ်လိုအား မြင့်မားလျှင် ငွေကြေးလည်ပတ်မှုအရှိန် နိမ့်ကျတတ်သည်။

၈။ ပိုငွေပြ ရသုံးမှန်းခြေငွေစာရင်းရှိခဲ့လျှင် စီးပွားရေးအဆောက်အအုံတွင် ထုတ်လုပ်မှုနှင့် ရောင်းလိုအားပြန့်လာပြီး ဈေးနှုန်းများလည်းတက်လာမည်။

၉။ ကိုတာသတ်မှတ်ခြင်းသည် အစိုးရအတွက်ရငွေကို တိုးတက်စေသည်။

၁၀။ နိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းသွားခြင်းသည် သွင်းကုန်ဈေးနှုန်းကို မြင့်မားစေသည်။

(ခ) အောက်ပါကွက်လပ်များတွင် ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ (၅ မှတ်)

၁။ ဈေးကွက်စီးပွားရေးစနစ်တွင် စွမ်းဆောင်ရည်ပြည့်ဝသော__________ကို ရရှိစေသည်။

၂။ အစားထိုးကုန်စည်များအတွက် အပြန်အလှန်ဝယ်လိုအား အလျော့အတင်းမှာ__________ လက္ခဏာဆောင်သည်။

၃။ ငွေကြေး၏ တန်ဖိုးသည်__________နှင့်ပြောင်းပြန် ဆက်စပ်နေသည်။

[တစ်ဖက်သို့

၄။ အစိုးရ၏ သာမန်အသုံးစရိတ်များသည် သာမန်ရငွေများထက် ပိုခဲ့လျှင်________ ဖြစ်ပေါ်သည်။

၅။ သွင်းကုန်ခွန်ကို ယေဘုယျအားဖြင့် ________ကိုကာကွယ်ရာတွင် အသုံးပြုသည်။

(ဂ) အောက်ပါ ဖော်ပြချက်များအတွက် ပေးထားသောအဖြေ (က) (ခ) (ဂ) များမှ အဖြေမှန်ကို အဖြေ စာအုပ်တွင် ရေးပါ။ (၅ မှတ်)

၁။ ကုန်စည်တစ်ခု၏ ဈေးနှုန်းသည် အားမျှဈေးနှုန်း၏ အထက်တွင်ဖြစ်ပါက (က) ပိုလျှံဝယ်လိုအား (ခ) ပိုလျှံရောင်းလိုအား (ဂ) အားမျှခြေရှိမည်။

၂။ တိုင်းပြည်ဝင်ငွေ တွက်ချက်ရာတွင် အသုံးစရိတ်၏ တန်ဖိုးကို သိရှိနိုင်ရန် (က) ပုံသေဈေးနှုန်း (ခ) ဈေးကွက်ပေါက်ဈေး (ဂ) အင်အားစုအခငွေဈေးနှုန်းကို အသုံးပြုရသည်။

၃။ ဘဏ်များအနည်းဆုံးလိုအပ်သော သီးသန့်ငွေသားကို ထိုဘဏ်၏ (က) အပ်ငွေများ (ခ) ချေးငွေများ (ဂ) စုစုပေါင်းရပိုင်ခွင့်များဖြင့် သတ်မှတ်သည်။

၄။ မျက်မှောက်ခေတ်နိုင်ငံများတွင် အသုံးများလာသည့် လက်ပြောင်းခွန်တစ်မျိုးမှာ (က) ရောင်းခွန် (ခ) ထပ်ဆင့်တိုးတန်ဖိုးခွန် (ဂ) အကောက်ခွန်ဖြစ်သည်။

၅။ နိုင်ငံခြားငွေလဲလှယ်နှုန်း နိမ့်ချသတ်မှတ်ခြင်းသည် (က) လိုငွေပြ (ခ) ပိုငွေပြ (ဂ) ဘက်ညီ ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန်ကို ပြင်ဆင်ရန် အသုံးပြုသည်။

၂။ အောက်ပါတို့အနက်မှ (၁၀ ခု) ၏ အဓိပ္ပါယ်ကို ဖော်ပြပါ။ (၂၀ မှတ်)

| | | | |
|---|---|---|---|
| ၁။ | ထုတ်လုပ်မှုအင်အားစုများ | ၁၀။ | ငွေပိုထုတ်ချေးခြင်း |
| ၂။ | လုပ်အား | ၁၁။ | ဗဟိုဘဏ်၏အာဏာများ |
| ၃။ | ကာလတိုချေးငွေ | ၁၂။ | ငွေကြေးပမာဏ |
| ၄။ | ဝယ်လိုအားလျော့ခြင်း | ၁၃။ | ထည့်ဝင်ကြေး |
| ၅။ | ရောင်းလိုအားအလျော့အတင်းများခြင်း | ၁၄။ | ပိုငွေပြရသုံးမှန်းခြေငွေစာရင်း |
| ၆။ | အစားထိုးကုန်စည်များ | ၁၅။ | အခွန်စည်းကြပ်မှုနှုန်း |
| ၇။ | ဈေးကွက်ပေါက်ဈေး | ၁၆။ | မြင်နိုင်သောကုန်သွယ်မှု |
| ၈။ | နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ | ၁၇။ | နိုင်ငံခြားငွေလဲလှယ်နှုန်းပေါ်လစီ |
| ၉။ | ထပ်ဆင့်တိုးတန်ဖိုး | ၁၈။ | ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန် |

## အပိုင်း (ခ)

နှစ်သက်ရာ မေးခွန်း (၃) ပုဒ်ဖြေဆိုပါ။

၃။ (က) ဈေးကွက်အမျိုးအစားများကို ပြည့်စုံစွာဖော်ပြ ရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ

၂။ ကူးသန်းရောင်းဝယ်ရေးဘဏ်၏လုပ်ဆောင်ချက်များ

၃။ သာမန်ရငွေရရှိရာအဓိကဇာစ်မြစ်များ

၄။ ကုန်ဖလှယ်မှုအချိုးတိုးတက်ခြင်း

၄။ (က) ဗဟိုဘဏ်ဆိုသည်မှာ အဘယ်နည်း။ ဗဟိုဘဏ်၏ လုပ်ဆောင်ချက်များကို ရှင်းပြပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ အခွင့်အလမ်းစရိတ်သဘော

၂။ ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းအသုံးဝင်ပုံ

၃။ ရောင်းလိုအားပြန့်ခြင်းနှင့်ကျုံ့ခြင်း

၄။ အကောက်ခွန်နှင့်ကိုတာ

၅။ (က) ပြည်သူ့အသုံးစရိတ်များ၏ သဘောသဘာဝနှင့်အမျိုးအစားများကို ပြည့်စုံစွာ ရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ ရောင်းလိုအားဥပဒေသ

၂။ အသုံးစရိတ်နည်းဖြင့်တိုင်းပြည်ဝင်ငွေတွက်ချက်ခြင်း

၃။ ငွေကြေးအရေအတွက်သီအိုရီ

၄။ ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန်၏သာမန်စာရင်းနှင့်ငွေလုံးငွေရင်းစာရင်း

[တစ်ဖက်သို့

၆။ အောက်ပါတို့အနက်မှ နှစ်သက်ရာ(၂) ခုကိုဖြေဆိုပါ။ (၁၀x ၂) မှတ်

(က) နိုင်ငံတစ်နိုင်ငံ၏ နှစ်တစ်နှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများကို အောက်ပါအတိုင်း ဖော်ပြထားသည်။

| အကြောင်းအရာ | ကျပ်သန်းပေါင်း |
|---|---|
| ကဏ္ဍအလိုက်ကုန်ထွက်စုစုပေါင်း (ထုတ်လုပ်သူများ၏ဈေးနှုန်းဖြင့်တွက်သည်) | ၉၈၆၅၀ |
| လုပ်ငန်းချင်းအသုံးပြုမှုတန်ဖိုး | ၁၃၇၀၀ |
| အခွန်အကောက် | ၄၂၅၀ |
| ထောက်ပံ့ကြေး | ၁၅၈၀ |
| နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ | ၂၇၀၀ |
| ရှုတ်ယွင်းပြုန်းတီးမှုတန်ဖိုး | ၃၂၀ |

၁။ အဆိုပါနိုင်ငံ၏ GDP၊ GNP နှင့် NNP တို့ကိုရှာပါ။

၂။အဆိုပါနိုင်ငံ၏ လူဦးရေသည် (၂၄)သန်းဖြစ်လျှင် တစ်ဦးကျဝင်ငွေကိုရှာပါ။

(ခ) ဦးအောင်အောင်၏ ဝင်ငွေသည် ကျပ် ၁၅၀,၀၀၀ မှ ကျပ် ၂၀၀,၀၀၀ သို့ မြင့်တက်သွားသောအခါ ကုန်စည်တစ်ခုအတွက် ဝယ်ယူသည့်အရေအတွက်သည် ၈၀ ယူနစ်မှ ၆၀ယူနစ်သို့လျော့နည်းလာလျှင် ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းကို တွက်ချက်၍ မည်သည့်ကုန်စည်အမျိုးအစား ဖြစ်သည်ကို သုံးသပ်ပါ။

(ဂ) အောက်ပါဇယားတွင် ကုန်စည်(၃)မျိုးတို့၏ ဈေးနှုန်းများနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်။ (၂၀၁၂ ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်။)

| ကုန်စည် | ဝယ်ယူသည့်အရေအတွက် (ယူနစ်) | ဈေးနှုန်း(ကျပ်) | |
|---|---|---|---|
| | | ၂၀၁၂ ခုနှစ် | ၂၀၁၃ ခုနှစ် |
| A | ၅ | ၁၂၀ | ၉၀ |
| B | ၄ | ၁၀၀ | ၁၅၀ |
| C | ၁၀ | ၅၀ | ၈၀ |

၁။ သက်ဆိုင်ရာနှစ်များ၏ စားသုံးသူဈေးဆနှုန်းကိန်းများကို တွက်ချက်ပါ။

၂။ ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ငွေဖောင်းပွမှုနှုန်းကို တွက်ချက်သုံးသပ်ပြပါ။

**၂၀၁၇ ခုနှစ်**

**တက္ကသိုလ်ဝင်စာမေးပွဲ**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**မြန်မာစာ** **ခွင့်ပြုချိန်(၃)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါတို့အနက် **<u>တစ်ခု</u>** အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
စဉ့်ကွင်းစာ၊ဇကွဲပြောင်းလဲပုံ၊ဖွဲ့စည်းတည်ဆောက်ပုံအရကြိယာဝိသေသန(၃)မျိုး၊ ဝိဘတ်သွယ်ပုဒ်(၅)မျိုး ၊ စကားအထားအသို ။

(ခ) အောက်ပါတို့မှ**<u>လေးခု</u>**ကိုရွေးချယ်၍မည်သည့်ကြိယာပစ္စည်းဖြစ်ကြောင်းဖော်ပြပါ။ (၄မှတ်)
ပေါ့လေ ၊ မ ၊ ပါ ၊ ကြကုန် ၊ နည်း ၊ လဲ ။

(ဂ) အောက်ပါတို့မှ **<u>သုံးခု</u>**ကို လိုက်လျောပြဝိဘတ် အဖြစ် ဝါကျတွင်သုံးပြပါ။ (၆မှတ်)
အလိုက် ၊ အရ ၊ အတိုင်း ၊ အလျောက် ၊ အားလျော်စွာ ။

၂။ (က) အောက်ပါဝေါဟာရတို့အနက် **<u>ငါးခု</u>**၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
အပါချ၊ထောင်ကနက်၊ဩဇာတိက္ကမ၊မှတ်ပိုက်၊၊မှန်ကူ၊မင်္ဂ၊ပြက်သိကာ၊သဗ္ဗ။

(ခ) အောက်ပါဝေါဟာရတို့အနက် **<u>ငါးခု</u>**ကို ဝါကျအသီးသီးတွင်သုံးပြပါ။ (၅မှတ်)
တစ်ပတ်နွမ်း၊ကျုံး၊ပုရစ်၊တံစို့၊သောင်းပြောင်း၊အထီးကျန်၊ဘဝင်၊ဝေါယာဉ်။

(ဂ) အောက်ပါအလင်္ကာတို့အနက်**<u>ငါးခု</u>**ကိုသက်ဆိုင်ရာသင်ခန်းစာများတွင်မည်သို့ သုံးထားကြောင်းနှင့် အဘယ်ကြောင့်ထိုအလင်္ကာမြောက်ကြောင်းရှင်းပြပါ။ (၁၀မှတ်)
ပွဲသဘင်ကဲ့သို့ (ဥပမာ)၊ ငွေတောင်ကြီးအသွင် (ဥပမာ)၊ ကဗျာကောင်းကင်(ရူပက)၊ ညဏ်တန်ဆောင် (ရူပက)၊ တစ်နပ်စားမကြံ (ဝဏ်ဂုတ္တိ)၊ အစိမ်းဖမ်း (ဝဏ်ဂုတ္တိ)၊ မိုးခတ်အုန်း (မြည်သံစွဲ) ၊ ဖြုတ်မျက်လုံးလောက် (အတိသယဝုတ္တိ) ။

၃။ (က) အောက်ပါတို့မှ **<u>ငါးခု</u>**ကို ဖြေပါ။ (၅မှတ်)
(၁) ရွှေနှင့်ယိုးမှားပန်းစကားကဗျာသည် မည်သည့်ကဗျာအမျိုးအစားဖြစ်သနည်း။
(၂) မင်းဇကေရာဇ်တို့ ဝင်တော်မူရန် တီးသောစည်ကို ဖော်ပြပါ။
(၃) ရာပြည့်အိုင်ဟု အဘယ်ကြောင့် ခေါ်သနည်း။
(၄) ရကန်ကို မည်သည့်စပ်နည်းဖြင့် အများဆုံး စပ်ဆိုလေ့ရှိသနည်း။
(၅) ဒုံးချင်း ကခုန်ရာတွင် မည်သို့ ကခုန်လေ့ရှိသနည်း ။
(၆) အချုပ်တန်းဆရာဖေသည် ရှမ်းပြည်မှ မည်သူ့ထံတွင် ခိုလှုံခဲ့သနည်း။
(၇) ဦးပုညသည် ရှင်လူထွက်ပြီး မည်သူ့ထံတွင် ခစားသနည်း ။
(၈) ငွေတာရီသည် မင်းယုဝေနှင့်တွဲဖက်၍ မည်သည်ကို ဘာသာပြန်ခဲ့သနည်း။

(ခ) ဝိဇ္ဇာသိပ္ပလူ့ကိစ္စကဗျာမှ ပညာ၏တန်ဖိုးကြီးမားပုံကို မှတ်သားဖွယ် တင်ပြပါ။ (၁၀မှတ်)

**(သို့မဟုတ်)**

တပေါင်းညှာကျင်ကဗျာမှ သဘာဝကြောင့်ဖြစ်ပေါ်လာရသည့် အလွမ်းခံစားချက်ကို စာဆိုက မည်သို့ သရုပ်ဖော် ဖွဲ့နွဲ့တင်ပြ ထားသနည်း။

**[ တစ်ဖက်သို့**